ပြည်သူ့စစ်မှုထမ်းများ အဆင့်တိုးမြှင့်ခြင်း

တက္ကသိုလ်ဝင်တန်း (စနစ်သစ် Grade 12၊ စနစ်ဟောင်း ၁၀ တန်း) အောင်မြင်ပြီးသူများ

ပြည်သူ့စစ်မှုထမ်းသက် (၁)နှစ်ပြည့် - ဒုတိယတပ်ကြပ်

အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - ဒုတိယတပ်ကြပ်ဖြင့် ခန့်အပ်မည်။

အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုးစည်းမျဉ်းစည်းကမ်း အတိုင်းခံစားခွင့်ရှိမည်။

တက္ကသိုလ်/ကောလိပ်များမှ ဒီပလိုမာရရှိသူများ

ပြည်သူ့စစ်မှုထမ်းသက်(၁)နှစ်ပြည့် - ဒုတိယတပ်ကြပ်

အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - ဒုတိယတပ်ကြပ် ခန့်အပ်ပြီး၊ (၁)နှစ် အကြာ တပ်ကြပ်အဆင့် တိုးမြှင့်ပေးမည်။

အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုး စည်းမျဉ်းစည်းကမ်း အတိုင်း ခံစားခွင့်ရှိမည်။

တက္ကသိုလ်/ကောလိပ်များမှ ဘွဲ့ရရှိသူများ

သင်တန်းဆင်းပါက - ဒုတိယတပ်ကြပ်

ပြည်သူ့စစ်မှုထမ်း(၁)နှစ်ပြည့်လျှင် - တပ်ကြပ်

အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - တပ်ကြပ်အဆင့်ဖြင့် ခန့်အပ်မည်။

အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုး စည်းမျဉ်းစည်းကမ်း အတိုင်း ခံစားခွင့်ရှိမည်။



ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံး၍
စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပေးအပ်သည့်ပုံ

စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ

- အမျိုးသား အသက် ၁၈ နှစ်မှ ၃၅ နှစ်
- ကျွမ်းကျင်သူအမျိုးသား အသက် ၁၈ နှစ်မှ ၄၅ နှစ်

ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှု ပညာတတ် မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဆိုလိုသည်။




ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံး၍ နေရပ်ပြန် ကြိုဆိုနေပုံ

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း

- သာသနာ့ဝန်ထမ်းများ။
- အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးများလည်း ပါဝင်ပါတယ်)
- ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်းသူများ။
- တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်ချစ်သား



လက်ကမ်းစာစောင်

မွေခံထိုက်စေ

ကျွန်ုပ်တို့နိုင်ငံတော်သည် တိုင်းရင်းသားအလွှာ ၈ လွှာဖြင့် ဖွဲ့စည်းထားသောပြည်ထောင်စုဖြစ်သည်။ တိုင်းရင်းသားတို့သည် ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ ညီရင်းအစ်ကိုပမာ နေထိုင်ခဲ့ကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မက်ရေးရာအမှုကိစ္စ ပေါ်ပေါက်လာပါလျှင် ရရာလက်နက်ဆွဲကိုင်လျက် တွဲလက်ညီညီ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ စင်စစ် ကျွန်ုပ်တို့ မြန်မာလူမျိုးတို့သည် စစ်သွေးစစ်မာန်ဖြင့် သန္ဓေတည်ပေါက်ဖွားလာသည့် လူမျိုးဖြစ်ပြီး နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့ဘိုးဘွားများက အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ခဲ့ကြရသည်။



သင်တန်းတက်ရောက်မည့် ပြည်သူ့စစ်မှုထမ်းများအား
ကြိုဆိုနေပုံ

နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကိုချစ်မြတ်နိုးရမည်ဖြစ်သလို ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည်သာဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံအသီးသီးတို့သည်လည်း မိမိနိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အင်အားတောင့်တင်းခိုင်မာသည့် ခေတ်မီတပ်မတော်အဖြစ် အပြိုင်အဆိုင် တည်ဆောက်လျက်ရှိသည်ကို သတိချပ်စေလိုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံသည်လည်း “အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်”တစ်ရပ် မဖြစ်မနေ တည်ဆောက်ရမည်သာဖြစ်သည်။ ထိုသည်မှာ တပ်မတော်တစ်ရပ်တည်း၏ တာဝန်မဟုတ်ဘဲ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ “တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” ဟူသော ဆောင်ပုဒ်သည် မည်သည့်ခေတ်ကာလမဆို အမြဲမှန်ကန်နေမည်သာဖြစ်သည်။



သင်တန်းကျောင်းတွင် အခြေခံစစ်ပညာများ သင်ကြားပေးပုံ

ကျွန်ုပ်တို့နိုင်ငံသည် ၂၀၂၄ ခုနှစ်မှစ၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ယနေ့ဆိုလျှင် ပြည်သူ့စစ်မှုထမ်းနိုင်ငံသားကောင်း စစ်သည်တော်များစွာ ပေါ်ထွက်လျက်ရှိသည်။ ထိုနိုင်ငံသားကောင်းစစ်သည်တော်တို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။ ကျွန်တော်သည်လည်း ပြည်သူ့စစ်မှုထမ်းသင်တန်း၊ အမှတ်စဉ်(၁) ကျောင်းဆင်းဖြစ်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေအရ တပ်မတော်တွင် (၂)နှစ်မျှသာ တာဝန်ထမ်းဆောင်ရသည်ဖြစ်သော်လည်း နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံတော်နှင့်ပြည်သူလူထုအား အသက်၊ သွေး၊ ချွေးများဖြင့် အလုပ်အကျွေးပြုလျက်ရှိသည့် တပ်မတော်သားအဖြစ် ဂုဏ်ယူသည့်စိတ်တို့ကြောင့် တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။



သင်တန်းကျောင်းတွင် ကျွေးမွေးနေပုံ

ကျွန်ုပ်တို့ဘိုးဘွားတို့သည် အမိမြန်မာနိုင်ငံတော်ကြီးအား အမွေအဖြစ် လက်ဆင့်ကမ်းပေးခဲ့သလို နောင်တော်စစ်သည်တော်များသည်လည်း နိုင်ငံတော်ကြီး အမွန်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သွေး၊ ချွေးများစွာဖြင့် ပေးဆပ်ခဲ့ကြသည်။ ယခုအခါ ကျွန်ုပ်တို့သည် ပုခုံးပြောင်းတာဝန်များကို ထမ်းဆောင်ရမည်သာဖြစ်သည်။

ကျွန်တော်တို့၏မြန်မာမှုကျင့်ဝတ်များအနက် သားသမီးဝတ်တွင် “မွေခံထိုက်စေ”ဟူသည် တစ်ပါးပါဝင်သည်။ မွေခံထိုက်စေဆိုသည်မှာ ဘိုးဘွားမိဘတို့၏ ပစ္စည်းဥစ္စာများသာ မဟုတ်ဘဲ



သင်တန်းကျောင်းတွင်ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်နေပုံ

ဘိုးဘွားတို့ အသက်၊ သွေး၊ ချွေးများဖြင့် ကာကွယ်စောင့်ရှောက်ခဲ့သည့် အမိနိုင်ငံတော်ကြီးကိုလည်း အမွေအဖြစ်ခံယူရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်း ညီငယ်များသည်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ကြမည့် ညီငယ်များသည်လည်းကောင်း “မွေခံထိုက်သောသားရတနာများ”အဖြစ် ဂုဏ်ဝင့်နိုင်ရေး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

ဘိုဘို

သင့်မြို့သင့်ရွာ ကာကွယ်ဖို့ ပြည်သူ့စစ်မှုထမ်းကြစို့